ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေပြည်တော်ကောင်စီ

အမိန့်အမှတ်(၃၆/၂၀၂၀)

၁၃၈၂ ခု၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

၂၀၂၀ပြည့်နှစ်၊ဧပြီလ ၁၉ ရက်

## Coronavirus Disease 2019 (COVID-19) ကြိုတင်ကာကွယ်နိုင်ရေးအတွက် အများပြည်သူသိရှိလိုက်နာဆောင်ရွက်ရန် အသိပေးကြေညာချက်

၁။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19)သည် ကမ္ဘာတစ်ဝှမ်းတွင် ကူးစက်ပျံ့နှံ့ခဲ့ရာ မြန်မာနိုင်ငံတွင်လည်း ကူးစက်ပျံ့ပွားမှုနှုန်း မြင့်တက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် (၁၃-၃-၂၀၂၀)ရက်နေ့တွင် အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီကို အမျိုးသားအဆင့် ဗဟိုကော်မတီအဖြစ် တိုးမြှင့်ဖွဲ့စည်းပြီး ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် Coronavirus Disease 2019 (COVID-19) ရောဂါ ထိန်းချုပ်၊ တားဆီးနိုင်ရေးအတွက် ၂၀၂၀ပြည့်နှစ်၊ ဧပြီလ ၁၉ရက်နေ့ ညနေ (၁၈၀၀)နာရီမှ စ၍ နေပြည်တော်ပြင်ပ အခြားဒေသမှ ဝင်ရောက်လာသူများ၊ နေပြည်တော်သို့ ဝင်ရောက်မှုမရှိဘဲ ဖြတ်သန်းသွားလာသည့် ယာဉ်များ သိရှိလိုက်နာဆောင်ရွက်သွားရန် ဤအသိပေးကြေညာချက်ကို ထုတ်ပြန်လိုက်သည်-

(က) နေပြည်တော်ပြင်ပ အခြားဒေသမှ ဝင်ရောက်လာသူများအား လိုအပ်ပါက Community Based Facility Quarantine ဝင်ရောက်ရန်၊

(ခ) နေပြည်တော်သို့ ဝင်ရောက်မှုမရှိဘဲ ဖြတ်သန်းသွားလာသည့် ယာဉ်များအား စနစ်တကျ စစ်ဆေးပြီး ဖြတ်သန်းသွားလာခွင့်ပြုရန်။

ဒေါက်တာမျိုးအောင်

ဥက္ကဋ္ဌ

နေပြည်တော်ကောင်စီ

စာအမှတ်၊ ၁ / ၈ - ၁ (၃၁၈၄ )/ဦး ၃

ရက်စွဲ၊ ၂၀၂၀ပြည့်နှစ်၊ ဧပြီလ ၁၉ ရက်